ဓမ္မသံတော်ဆင့်စာပေ မှ ထုတ်ဝေသည်



# ရွှေပေါက်ကျွန်း ဆရာတော်ဘုရားကြီး သာသနာပြုစခန်းနှင့်စေတော်ဝင်ခရီးသည်

ဓမ္မပါလမြို့သား။ ပြည့်စုံထွန်း

ရွှေနီလာစာပေ မှ ဖြန့်ချိသည်



အရှင်ဇေယျသိဒ္ဓိမွေ့ဉာဏာဓိက ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး

# ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ ထေရပတ္တိအကျဉ်း

ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီးကို မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် -မလှိုင်မြို့နယ်၊ ရေငံကျေးရွာအုပ်စု ရွှေပေါ်ကျွန်းကျေးရွာ၌ ကောဇာသက္ကရာဇ် ၁၂၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃-ရက်၊ (၂၃-၅-၁၉၂၂) အင်္ဂါနေ့ည သန်းခေါင်ယံ၊ စက်နာရီ ည၌တစ်ချက်တီးအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ခမည်းတော် ဦးဖိုးစဖြစ်၍ မယ်တော်မှာ ဒေါ်မယ်လှဲ့ ဖြစ်သည် ။ တောင်သူမျိုးရိုးဖြစ်ပြီး မွေးချင်းခုနှစ်ယောက်ရှိသည့်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ ငယ်နာမည် မောင်ချို ဖြစ်သည် ။

ဆရာတော် လောင်းလျာကို ပဋိသန္ဓေတည်၍ ကိုယ်ဝန်လွယ်ထားရချိန် မိခင်ဒေါ်မယ်လှဲ့ ထမင်းအိုးငှဲ့နေစဉ် ပခုံးနှစ်ဖက်ပေါ်သို့ ကျီးနှစ်ကောင် ခိုနားခဲ့သည်။ ထို့အတူ ဖွားမြင်ရန် ၇ ရက်အလို၌ ဖခင်ဦးဖိုးစ နေမကောင်းသဖြင့် နေ့လယ် မြောက်ဘက်သို့ ဦးခေါင်းပြု၍ အိပ်စဉ် ကျီးတစ်ကောင် လာနားပြီး အရှေ့ဆီသို့ ပြန်သွားခဲ့သည်။ ဖွားမြင်သည့်အခါ အချင်းစလွယ်သိုင်းနှင့် ဖြစ်၍ မိန်းမချည်တစ်ချက်ပါသည်။

ဖွားမြင်ပြီးနောက် ခြောက်နှစ်သားအရွယ်တွင် ရွှေပေါ်ကျွန်းကျေးရွာ ရွာဦးကျောင်း (ကန်ကြီးကျောင်း) ဆရာတော် ဦးဇယန္တထံ၌ ပညာသင်ကြားခဲ့သည် ။ အသက် ၉ နှစ်မှာ ကျွဲခြံရွာ၌ ကျင်းပသည့် စာပြန်ပွဲ၌ သင်္ဂြိုဟ် ၉ ပိုင်းကို အာဂုံဆောင်ကာ ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ၁၃ နှစ်သားအရွယ် (၁၂၉၂ ခုနှစ်) တွင် ဆရာရင်းဖြစ်သူ ဆရာတော် ဦးဇယန္တထံ၌ သာမဏေ ဝတ်ခဲ့သည်။ ဘွဲ့အမည် ရှင်ဝါယမ ဖြ

စ်၏။

ဆရာတော် ဦးဇယန္တက ကိုရင်ရှင်ဝါယမ၏ ပညာထူးချွန်မှုကို အကဲဖြတ်မိသဖြင့် မိမိ၏ တူတော်သူ မြင်းခြံမြို့အနီး ကံဆင့်တောင်ရွာ မဟာဓမ္မိကာရာမ ကျောင်းတိုက်ဆရာတော် ဦးဓမ္မိကထံ အပ်နှံကာ ပရိယတ္တိ စာပေများ သင်ကြားစေခဲ့သည် ။ ၁၃၀၀ ပြည့်နှစ် သာမဏေဝတ်၍ သုံးဝါအရောက် (သက်တော် ၁၆ နှစ်) တွင် ပထမငယ်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ ပထမအဆင့်မှ အောင်မြင်ခဲ့သည် ။

ထိုနှစ်မှာ ပင် မလှိုင်မြို့နယ်၊ သာသနာ့ဝေပုလ္လကျောင်းတိုက်၌ ဆရာတော်ကြီး ဦးကုမုဒနှင့် ပထမကျော်ဆရာတော် ဦးစန္ဒိမာသီရိ (သကျသီဟ ဓမ္မာစရိယ) တို့ ထံတွင် လောကုတ္တရာ စာပေကျမ်းဂန်များကို ဆည်းပူးသင်ကြားခဲ့သည် ။ အဆိုပါ ဆရာတော် နှစ်ပါးတို့ ပို့ချပေးသော သုတ် -၃ ကျမ်း၊ ဝိနည်း-၅ကျမ်း၊ အဘိဓမ္မာ-၇ ကျမ်းတို့ အပြင် သဒ္ဒါစစ်၊ ပုဒ်စစ် ၊ သံဝဏ္ဏနာနှင့် နည်း ၄၀၀၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာတို့ ကိုပါ နှုတ်ရ ပိုင်ပိုင် သင်ကြား တတ်မြောက်ခဲ့သည် ။

သက်တော် ၂၀ အရောက် ၁၃၀၃ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် နွားထိုးကြီးမြို့နယ်၊ ဇီးတောကျေးရွာမှ ဦးဖိုးမြိုင်+ဒေါ်ဆယ်မိတို့ ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မလှိုင်မြို့၊ လေးမျက်နှာ ကျောင်းတိုက် ပါဠိတက္ကသိုလ် ဂိုဏ်းအုပ်ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသည် ။ ဘွဲ့တော်မှာ အရှင်ဝါယမ ဖြစ်၏။

ပဉ္စင်းငယ်ဘဝ၌ မန္တလေးမြို့မှ ဝါးတန်းကျောင်းတိုက်၊ ကုသိန္နာရုံတိုက်၊ မြင်းဝန်ကျောင်း တိုက်၊ ပျော်ဘွယ်ကျောင်းတိုက်၊ ဘုရားကြီးကျောင်းတိုက်နှင့် မြင်းခြံမြို့-ကိုးဆောင်ကျောင်း တိုက်တို့ ၌ စာဝါလိုက်ခဲ့သည် ။ ထို့ပြင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် သံတော်ဆ

င့်ကျောင်း ဆရာတော် ဦးဝါသဝါဘိဝံသ (သကျသီဟအစိုးရဓမ္မာစရိယ) ထံ၌ လည်း ပရိယတ္တိစာပေများ သင်ယူ ခဲ့သည် ။

ဤကဲ့သို့ ဆရာတော်ကြီးများ ထံ သင်ကြားပြီးနောက် ဆက်လက်၍ ပညာဆည်းပူးလိုသဖြင့် စာဝါလိုက်ဖက် အရှင်ရာဇိန္ဒ (ယခု ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်၊ မဟာမုန်ကင်း ကျောင်းဆရာတော်) ၏ အကူအညီဖြင့် မန္တလေးမြို့၊ စိန်ပန်းရပ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်မှ ပထမကျော် ဆရာတော် ဦးဝိသုဒ္ဓ (ဆဋ္ဌသင်္ဂါယနာတင် အတွင်းရေးမှူး) ထံ၌ လောကုတ္တရာ ပရိယတ္တိစာပေကျမ်းဂန်များကို နေ့ဝါညဝါ သင်ယူခဲ့ပြီး ပထမ ကြီးတန်းတွင် ဝင်ရောက် ဖြေဆိုရာ အောင်မြင်တော် မူခဲ့သည် ။

ထိုမှ တစ်ဆင့် ရှင်ဝါယမသည် သကျသီဟဓမ္မာစရိယတန်းကို ဖြေဆိုရန် ဆက်လက်စာ ဝါလိုက်နေစဉ် လက်ဦးဆရာဖြစ်သည့် ရွှေပေါက်ကျွန်း ကန်ကြီးကျောင်းဆရာတော် ဦးဇယန္တပျံလွန် တော်မူသဖြင့် ဒါယကာ ဒါယိကာများ ၏ အတန်တန် ပင့်လျှောက်ချက်အရ မွေးရပ်မြေသို့ ပြန်ကြွကာ ကျောင်းထိုင်ခဲ့ရသည် ။ ကျောင်းထိုင်ဆရာတော်ဘဝတွင် ပရိယတ္တစာပေကျမ်းဂန်များကို ဖတ်ရှု လေ့လာရင်း တစ်ဖက်ကလည်း အမျိုးဘာသာ သာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက် တော်မူသည် ။ မြင်းဝန်တိုက် စာသင်သားဘဝက ဆုံဆည်းခဲ့ရသည့် သက်တော်ရှည် ဆရာတော်ကြီး ဦးကောဏ္ဍည၏ "ကျမ်းလျှောက်၍ လမ်းမဆုံး၊ အသိပေါက်မှ လမ်းဆုံးမည်" ဟူသော ဩဝါဒ လမ်းညွှန်ချက်အရ ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးပြောင်းခဲ့သည် ။ ခန္ဓာကိုယ်တွေ့ တရားစစ်၊ တရားမှန်ကို သိမြင်ပေါက်မြောက်နိုင်ရန်အတွက် ၁၀ နှစ်ခန့် တောရဆောက်တည်ကာ သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း တရားများကို အဓိဋ္ဌာန်တင် ပွားများအားထုတ်ခဲ့၏။ ထို့ကြောင့် အသိထူး အမြင်ထူးများ ရရှိခဲ့သည် ။

မိမိ၏ ခမည်းတော် မယ်တော်တို့ က ဗုဒ္ဓဟူးနေ့ဖွားအဖြစ် ယူဆခဲ့သဖြင့် ရှင်ဝါယမဘွဲ့သည် မှ ညှိခေါ်ခဲ့ရာမှ လင်းညွှန်ဆရာတော်ကြီးများ ၏ သတိပေးပြောင်းလဲစေသည့်အတိုင်း အင်္ဂါနေ့ဖွား အရှင်ဉာဏိကဘွဲ့အမည်သို့ ပြောင်းခဲ့သည် ။ ပဋ္ဌိပတ်အရာ၌ ပို၍ အကျင့်သန်၊ အမြင့်သန် ပညာဉာဏ်အားကောင်းလာသည့်အခါ သက်တော်ရှည်ဆရာတော်ကြီးက မူလဘွဲ့အမည်ရှေ့တွင် ဇေယျသိဒ္ဓိဓမ္မ ကို ဖြည့်စွက်ချီးမြင့်သဖြင့် အရှင်ဇေယျ သိဒ္ဓိဓမ္မဉာဏိကဟူ၍ ဘွဲ့မည်တွင် ခဲ့သည် ။ ထို့ပြင် ကန်ကြီးကျောင်းကိုလည်း စေတော်ဝင်ကျောင်းအဖြစ် အမည်ပြောင်းကာ သာသနာပြုစခန်း အဖြစ် တည်ထောင်စေခဲ့သည် ။

ရွှေပေါက်ကျွန်းဆရာတော်ကြီးသည် ဝိနည်းသိက္ခာနှင့်အညီ သီတင်းသုံးပြီး၊ ဓုတင် ၁၃-ပါးတွင် သုသာန်ဓုတင်ကို ချန်လှပ်၍ ကျန်ဓုတင် ၁၂ ပါးကို ဆောက်တည်တော်မူ၏။ ဆွမ်း၊ ကွမ်း၊ အာဟာရ၊ ဝတ္ထု ပစ္စည်းတို့၌ ကောင်း၊ ဆိုး မဝေဖန်၊ တပ်မက်မှုမရှိ၊ တင်းတိမ်ရောင့်ရဲ၏။ ချည်ထည်သင်္ကန်းကိုသာ ဝတ်ရုံပြီး ဖိနပ်တော်ကိုလည်း လိုအပ်မှ စီးသည် ။ စီးသည့်အခါ တာရာဖိနပ်ကိုသာ စီးလေ့ရှိသည် ။

ဤသို့ မြိုးမြိုးစွာ ဓုတင်ဆောင်လျက် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ရပ်ကို ထမ်းဆောင်ကာ သာသနာတော်ထွန်းကား ပြန့်ပွားအောင် ၄၇ နှစ် တာမျှသာသနာပြုလုပ်ဆောင်ခဲ့သည် ။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်သတင်းကြောင့် စေတော်ဝင်-ရွှေပေါက်ကျွန်းဟူ၍ မော်ကွန်းတင်ကာ တိုင်းပေါ်ပြည်ပေါ် ကမ္ဘာကျော်ဖြစ်ခဲ့ရသည် ။ ထို့ကြောင့် သာသနာပြုသက်တမ်း ၄၅-နှစ်တာ ခရီးအရောက် ၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့် (၁၅.၃.၁၉၉၅) နေ့တွင် နိုင်ငံတော်အစိုးရက "အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည် ။

သက်တော် ၇၅-နှစ်၊ ဝါတော် ၅၅-ဝါ၊ အရောက် ၁၃၅၈-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် အစာအိမ်သွေးကြောပေါက် ရောဂါဖြင့် သီတင်းသုံးရာ ရွှေပေါ်ကျွန်းရွာ စေတော်ဝင်ကျောင်း၌ ခန္ဓာဝန် စွန့်တော်မူသည် ။

စာရေးသူသည် ဆရာတော်ကြီးရှိစဉ်အချိန်က နှစ်ပေါင်း (၂၀) သာသနာ့ အကျိုးတော်ဆောင် အဖြစ် ရွှေပေါ်ကျွန်းတွင် နေထိုင်ခဲ့ပါသည် ။

ယခုအခါ ကျေးဇူးတော်ရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး ခန္ဓာဝန်ချပျံလွန်တော်မူ သွားသည် မှာ (၁၆) နှစ် ကြာမြင့်သော်လည်း စာရေးသူ၏ ရင်ထဲတွင် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး များကို သတိရလျက် ...

**သိန်းထွန်းကြည် (အင်းဝ)**

***

ဆရာတော်ရှင် ဇေယျသိဒ္ဓိဓမ္မဉာဏ‌ကိက
ဆရာတော် ဘုရားကြီး မေတ္တာတော်၊
ဂရုဏာတော်ဖြင့် ပါရမီလမ်း၊ ပါရမီခန်း
ဆည်းပူးဆောင်ရွက်ကြရာတွင်

"ဆရာတော်ဘုရားကြီး၏ သတိပေး
မေတ္တာနှိုးဆော်စာတမ်း"

၁။ ရဟန်းရှင် လူရသေ့ယောဂီများ သည် - ပဋိယတ္တိ အခြေခံရှိ သူမှ သာလျှင် ပဋိပတ္တိကျင့်စဉ်၌ လွဲမှားခြင်း မရှိပေ။ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်နိုင်၏။

၂။ ရဟန်းရှင် လူရသေ့ယောဂီများ သည် - ပဋိယတ္တိအခြေခံမရှိသော သူသည် ၊ ပဋိပတ္တိကျင့်စဉ်၌ လွဲမှားသည့်ပြင် ဟောပြောမှု၌ အမှားအယွင်းတွေ့သဖြင့် ပဋိဝေဒနည်းဟူသော တရားစစ် တရားမှန်ကို မတွေ့ရှိနိုင်ချေ။ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ပေ။

၃။ တရားအားထုတ်သော ရဟန်းရှင် လူရသေ့ယောဂီများ သည် သမထကျင့်စဉ်နှင့် ဝိပဿနာ ကျင့်စဉ် ခွဲခြားသိဘို့ အရေးကြီးသည် ။

၄။ ရဟန်းရှင်လူရသေ့ယောဂီများ သည် သမထတရား၏ သမာဓိ

အားကို ဝိပဿနာ ထင်ယောင် ထင်မှား ဖြစ်တတ်သည် ။

၅။ သမထ သမာဓိအားရှိ၍ လောကီအမြင် အကြားအသိ သုံးမျိုးစလုံးရရုံနှင့် ဟောကြပြောကြ ဗေဒင်ဆရာအဖြစ် အသုံးပြုကြသည် ။ ဝိပဿနာမဂ်ဖိုလ်သို့ မကူးကြချေ။

၆။ လောကုတ္တရာ ဝိဇ္ဇာအတတ် လောကီဝိဇ္ဇာအတတ် လိုက်စားကြကုန်သော ရဟန်းရှင်လူရသေ့ ယောဂီများ သည် မြတ်စွာဘုရား ဟောကြားသော ဒေသနာတော်နှင့် ဆန့်ကျင်ဘက် မပြု လုပ်မှ သာ လောကုတ္တရာ ဝိဇ္ဇာအတတ် လောကီဝိဇ္ဇာအတတ်ကို အောင်မြင်သည် ။

၇။ ဗုဒ္ဓသာသနာကို အကြောင်းပြု၍ လောကီပညာအရပ်ရပ်ကို လိုက်စားကြကုန်သော ရဟန်းရှင်လူ ရသေ့ ယောဂီများ သည် ဘိုးတော် မယ်တော် စသည် ဖြင့် စီးသည် ကပ်သည် ဟု ပြောခြင်းသည် အထက်အောက် လမိုင်းများ သာဖြစ်သည် ။

၈။ ဣဒ္ဓိမန္တာန်တန်ခိုးရှိသော ဝိဇ္ဇာဓိုရ် အသီးသီး နတ်အသီးသီးတို့ သည် ကိုယ်ထင်ရှားပြခြင်း အိပ်မက်အတိအကျပေးခြင်းသာ ပြုလုပ်သည် ။ ပူးကပ်ခြင်းစီးခြင်းကို မပြုလုပ်ကြပေ။

၉။ လောကီပညာအရပ်ရပ်ကို လိုက်စားကြသော ပုဂ္ဂိုလ်များ သည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာသုံးပါး ဦးထိပ်ထား၍ ကျင့်ကြံအားထုတ်ပွားမှ သာ အောင်မြင်နိုင်သည် ။

၁၀။ ရဟန်းရှင်လူရသေ့ ယောဂီပုဂ္ဂိုလ်များ သည် စူဠာဂန္ဓာရီ၊ မဟာဂန္ဓာရီ၊ မနောမယိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိလမ်းစဉ်ဖြင့် အားထုတ်လျှင် ကျင့်ကြံအားထုတ်ပွားမှ သာ အောင်မြင်နိုင်သည် ။

၁၁။ လူ ရသေ့ ယောဂီများ သည် ဝိဇ္ဇာလမ်းတို့ ကို လိုက်စားကြ

သော ပုဂ္ဂိုလ်အပေါင်းတို့ သည် ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ သုံးမျိုးတို့ တွင် တစ်ခုခုသော သီလတော်မြတ်ကို စောင့်ထိမ်းရမည် ဖြစ်၏။

၁၂။ စူဠာဂန္ဓာရီ၊ မဟာဂန္ဓာရီ၊ မနောမယိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိလမ်းစဉ်တို့ ကျင့်ကြံသော ပုဂ္ဂိုလ်များ သည် နေ့လွဲညစာ စားသောက်ခြင်း၊ မာတုဂါမ များ နှင့် ရောယှက်နေထိုင်ခြင်း၊ ဓါတ်စီး၊ ဓါတ်ပူးဓါတ်ပေးသည် ဟူ သော အလုပ်များ မပြုလုပ်မှ သာ အထက်ပါ လမ်းစဉ်သို့ ပေါက် ရောက် အောင်မြင်နိုင်၏။

၁၃။ အောက်လမ်းပညာ အလယ်လမ်းပညာ ရက္ခစိုး မှော်ပညာတို့ ကို တစ်ခုခု ရရှိသော ပုဂ္ဂိုလ်များ သည် ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်များ ဟ န်ဆောင်၍ လူသားတို့ အား မှော် ပညာတန်ခိုးဖြင့် ပြောဟောကြပြီးလျှင် ပစ္စည်းများကို ပဥ္စလက်နည်းဖြင့် တန်ခိုးပြ၍ ပေးတတ်၏။ ဗုဒ္ဓလမ်းစဉ် နှင့် ဆန့်ကျင်ဘက်ပြုလုပ်ကြ၏။ (အထူးသတိပြုပါ၊ ဘုရားမကြိုက် သော အလုပ် ဖြစ်၏ )

၁၄။ လောကီပညာ အရပ်ရပ် ဝိဇ္ဇာမိုရ်အတတ်လိုက်စားကြသော ရ ဟန်းရှင် လူ ရသေ့ ယောဂီ များ သည် ဂုဏ်တန်ခိုး မာနတန်ခိုးအသိုင်း အဝိုင်း၊ ပရိတ်သတ်များကို ရှောင်ကျဉ်နိုင်မှ သာ အောင်မြင်နိုင်၏။

၁၅။ လောကုတ္တရာဝိဇ္ဇာ လိုက်စားကြကုန်သော ပုဂ္ဂိုလ်များ သည် အ ဓိဋ္ဌာန်သစ္စာမေတ္တာ ကမ္မဋ္ဌာန်းတရား ရှေ့ရှုပွားများ သတ္တဝါကို မေတ္တာ ဓာတ်ဖြင့် ကယ်တင်ပြုလုပ်ကြသည် ။

၁၆။ လောကီ၊ လောကုတ်ဝိဇ္ဇာအတတ် လိုက်စားကြကုန်သော ပုဂ္ဂို လ်များ သည် တန်ခိုးပြခြင်း အမျိုးသမီးများ နှင့် ရောယှက်နေထိုင်ခြင်း အမျိုးသမီးများအား ဓါတ်ပေးသည် ဟု ခေါင်း ကုတ်ခြင်း အနှိပ်ခံခြင်း စ

သည် တို့ ကို ပြုလုပ်ပါက လောကီသမာဓိအား မခိုင်မြဲပေ။

၁၇။ ရဟန်းရှင် လူရသေ့ ယောဂီများ သည် ထွက်ရပ်စခန်း သိဒ္ဓိလမ်းကို ရှေ့ရှုသူမှာ အဓိဋ္ဌာန် သစ္စာမေတ္တာတရား အထူးကြိုးစားမှ သာ လောကီ လောကုတ် သိဒ္ဓိ အရာရာ အောင်မြင်နိုင်၏။

၁၈။ ရဟန်းရှင်လူ ရသေ့ ယောဂီတို့ သည် လောကီ၊ လောကုတ္တရာပညာ အရပ်ရပ်ကို အောင်မြင် လိုပါက အနန္တော အနန္တ ငါးပါးကို ကာယကံ ဝစီကံ မနောကံမှုများ မကျူးလွန်မှ သာ လောကီ လောကုတ်ပညာများကို အောင်မြင်နိုင်၏။

"ခါတ် တစ်လုံးမှားလျှင် တောင် တစ်လုံးခြားသလို ဖြစ်မည်"

***